စိတ်ကူးချိုချိုအနုပညာ



# ဆွန်ဇု၏ စစ်အနုပညာကို ချဉ်းကပ်ခြင်း



**အိမ်ကြီးမောင်**
မှီငြမ်းပြုစုသည်။

mgyoe.com

mgyoe.com

စစ်ပွဲဆင်နွှဲရာမှာ
ရန်သူတို့ ရှုံးနိမ့်မယ်ဆိုတဲ့ အချက်အပေါ်
အခြေမပြုရ။
ရန်သူကို တိုက်ခိုက်ဖို့ အသင့်ဖြစ်နေတဲ့အပေါ်
အခြေပြုရပါမယ်။
ရန်သူဘက်က တိုက်ခိုက်လာရင်
ခုခံနိုင်တဲ့စွမ်းရည် ပြည့်ဝနေရေးအပေါ်မှာသာ
အခြေပြုထားရမယ်။



# ဆွန်ဇု၏ စစ်အနုပညာကို ချဉ်းကပ်ခြင်း

အိမ်ကြီးမောင်
မှီငြမ်းပြုစုသည်။

UNDERSTANDING SUN TZU
ON THE ART OF WAR
**Robert L.Cantrell**

YST0030
1,300.00 KS

mgyoe.com

mgyoe.com

ဆွန်ရှော်စစ်အနုပညာကိုချဉ်းကပ်ခြင်း။ အိပ်ကြီးမောင်
စာမျက်နှာ ၈၈+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဆွန်ဇူ၏စစ်အနုပညာကို ချဉ်းကပ်ခြင်း

## အိမ်ကြီးမောင်

မှီငြမ်းပြုစုသည်။

ပထမအကြိမ် ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


- ဆွန်ဇု က
- မိတ်ဆက် င
- ဆွန်ဇု၏ အဆိုအမိန့် ၁
- အကြွင်းမဲ့အောင်နိုင်ခြင်း ၃
- ခေတ်သစ် စစ်ရေးလက္ခဏာများ ၇
- သေနင်္ဂဗျူဟာ စစ်ပညာ ၁၁
    - ဆွန်ဇုနှင့် အပျိုတော်များ ၁၁

၁။ စစ်ရေးသုံးသပ်ချက် ၁၇

၂။ စစ်ပွဲ ဆင်နွှဲခြင်း ၂၁

၃။ စစ်မဟာဗျူဟာ သုံးသပ်ချက် ၂၆

၄။ တပ်ဖြန့်ခြင်း ၃၁

၅။ ဖွဲ့စည်းခြင်း ၃၉

၆။ အားနည်းချက်၊ အားသာချက် ၄

၇။ စစ်ကစားခြင်း

၈။ ကိန်းရှင် ၉ ခု

၉။ စစ်အင်အား စုရုံးခြင်း


mgyoe.com

mgyoe.com

၁၀။ စစ်မြေပြင်အခြေအနေ ၆၆
၁၁။ အခြေအနေ ၉ မျိုး ၇၂
၁၂။ မီးနှင့်တိုက်ခိုက်ခြင်း ၈၀
၁၃။ သူလျှို ၈၄

●

mgyoe.com

mgyoe.com



# ဆွန်ဇု

ဆွန်ဇု၏ စစ်ရေးဗျူဟာကျမ်းကို ဘီစီ ၄၀၀ နဲ့ ၃၂၀ ကြား ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။ အခုအခါမှာတော့ ကမ္ဘာ့နိုင်ငံအတော်များများ၏ စစ်ပညာသင်ကျောင်းများတွင် ရည်ညွှန်းကိုးကားစရာ ပြဋ္ဌာန်းစာအုပ်အဖြစ် အသုံးပြုနေကြပြီဖြစ်သည်။ ဆွန်ဇု၏စာအုပ်ထဲပါ အချက်အလက်များမှာ စစ်ရေးအတွက်သာမက စီးပွားရေးလောကမှာပါ ချဲ့ထွင်အသုံးပြုကြသည်။ စီးပွားရေးနယ်ပယ်၌ စစ်ရေးသဘောတရားများကို အသုံးချခြင်းသည် ရက်စက်ကြမ်းကြုတ်သည်ဟု အချို့က ဆိုကြသည်။ စီးပွားရေးလောကဆိုသည်မှာ စစ်မြေပြင်နှင့်တူသည်ဟူသော တရုတ်ဆိုရိုးစကားရှိသည်။ ဤအချက်ကို အောက်ပါစကားရပ်အားဖြင့် သိသာစေသည်။

"စစ်ပွဲဆင်နွှဲရာမှာ ရန်သူတို့ ရှုံးနိမ့်မယ်ဆိုတဲ့ အချက်အပေါ် အခြေမပြုရ၊ ရန်သူကိုတိုက်ခိုက်ဖို့ အသင့်ဖြစ်နေတဲ့အပေါ် အခြေပြုရပါမယ်။ ရန်သူဘက်က တိုက်ခိုက်လာရင် ခုခံနိုင်တဲ့စွမ်းရည် ပြည့်ဝနေရေးအပေါ်မှာသာ အခြေပြုထားရမယ်"

mgyoe.com

mgyoe.com



ဆွန်ဇုက သူ့ကျမ်းထဲတွင် စစ်သူကြီးတစ်ယောက်ရှိရမည့် အရည်အချင်း ၅ ခုကို ဖော်ပြထားသည်။

(၁) ပညာဉာဏ်ပြည့်စုံခြင်း
(၂) ဖြောင့်မတ်တည်ကြည်ခြင်း
(၃) ညှာတာထောက်ထားတတ်ခြင်း
(၄) ရဲစွမ်းသတ္တိရှိခြင်း
(၅) စည်းကမ်းကောင်းမွန်ခြင်း

ဆွန်ဇု ရေးသားပြုစုသည့်စာအုပ်မှာ သေးငယ်သော်ငြား စစ်၏အခြေခံ အနှစ်သာရ ဥပဒေသတို့ကို တိတိကျကျဖော်ပြထားသည်။ စစ်ရေးဆိုင်ရာပြဿနာ၊ အခက်အခဲ အကျပ်အတည်းများနှင့် အကြောင်းအရာအားလုံး ဖော်ပြထားခြင်းဖြစ်သည်။ မည်သို့ဖြေရှင်းလျှင် မည်သို့ အောင်မြင်နိုင်သည်ကို ရေးသားတင်ပြထားသည်။

သေနင်္ဂဗျူဟာ စစ်ပညာကျမ်း၌ အခန်း ၁၃ ခန်း ပါဝင်သည်။

(၁) စီမံချက်များရေးဆွဲခြင်း
(Laying Plans)
(၂) စစ်ပွဲဆင်နွှဲခြင်း
(Waging War)
(၃) စစ်မဟာဗျူဟာ ထိုးစစ်
(Attack by Stratgem)
(၄) တပ်ဖြန့်ခြင်း
(Tactical Dispositions)

mgyoe.com

mgyoe.com



(၅) ဖွဲ့စည်းခြင်း
(Energy)

(၆) အားသာချက်၊ အားနည်းချက်
(Weakness and Strengths)

(၇) စစ်ကစားခြင်း
(Manoeuvre)

(၈) ကိန်းရှင်ကိုးခု
(Variation in Tactics)

(၉) စစ်အင်အားစုရုံးခြင်း
(The Army on the March)

(၁၀) မြေပြင်အခြေအနေ
(Terrain)

(၁၁) အခြေအနေ ကိုးမျိုး
(The Nine Situations)

(၁၂) မီးနှင့် တိုက်ခိုက်ခြင်း
(The Attack by Fire)

(၁၃) ထောက်လှမ်းရေး အသုံးပြုခြင်း
(The Use of Spies) တို့ဖြစ်ပါတယ်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# မိတ်ဆက်

ရေစီးသန်သော မြစ်ကြီးတစ်စင်းကို မြင်ယောင်ကြည့်လိုက်ပါ။ မျက်လုံးမှိတ်ပြီး ရေစီးသံကို နားခံကြည့်လျှင် ရေ၏စွမ်းအားကို သိမြင်ပါလိမ့်မည်။ ထိုမြစ်ထဲက ရေကို ဖန်ခွက်ဖြင့်ခပ်ယူပြီး နေရောင်အောက်မှာ ထားလိုက်ပါက မကြာခင်အချိန်အတွင်း ခြောက်ခန်းသွားသည်ကို တွေ့ရမည်ဖြစ်သည်။ ရေရဲ့စွမ်းအား မရှိတော့ပါ။ နောက်ထပ် တစ်ဖန်ခွက် ထပ်ခပ်ကြည့်လျှင်လည်း ရေ၏စွမ်းအားကို ရရှိလာမည် မဟုတ်ပါချေ။

ထိုနည်းတူစွာ ကြီးမားလှသည့် စစ်တပ်ကြီးတစ်ခုအားဖြင့် မည်သည့်ရန်စွယ်ကိုမဆို အောင်နိုင်မည် ဖြစ်သည်။ သို့သော် ထိုစစ်တပ်ကြီးကို ပိုင်းခြားလိုက်ပါက သေးငယ်သည့် အစိတ်အပိုင်း စစ်တပ်ငယ်များဖြစ်သွားသည့်အတွက် ရန်သူအပေါ် အနိုင်ရဖို့ မလွယ်တော့ချေ။ အရှုံး သို့မဟုတ် ပျက်သုဉ်းခြင်းနှင့်သာ ကြုံရလိမ့်မည်။

ဆွန်ဇု၏စစ်ပညာကျမ်းကို နားလည်ဖို့ရာ သူ့အတွေးအခေါ်ကို ဆုပ်ကိုင်နိုင်မှဖြစ်မည်။ ဆွန်ဇုသည် တာအိုဝါဒကို အခြေခံပြီး တွေးခေါ်သူဖြစ်ခြင်းကြောင့် ဤစာအုပ်ကို ရေးသားပြုစုရာတွင် တာအိုဝါဒ သဘော

mgyoe.com

mgyoe.com



တရားကို ဦးစွာကျေညက်အောင် လေ့လာခဲ့ရသည်။ သို့မှသာ စာဖတ်သူကို ရှင်းလင်းပြတ်သားစွာ တင်ပြနိုင်မည်ဖြစ်သည်။

'တာအိုဝါဒ' ဆိုသည်မှာ တရုတ်တွေးခေါ်ပညာရှင် 'လောင်ဇူး'၏ 'တောက်တယ်ကျင်း' ကျမ်းကို ဆိုလိုသည်။ တောက်တယ်ကျင်းကျမ်းထဲမှ အတွေးအခေါ်တို့သည် ဆွန်ဇုအပေါ် သက်ရောက်မှုရှိခဲ့သည်။

ဆွန်ဇုရေးသားစီရင်သော စစ်ကျမ်းကို ရှေးခေတ်တရုတ်နိုင်ငံ စစ်ပြုသောကာလ (ဘီစီ ၄၇၅-၂၂၁) နှောင်းပိုင်းတွင် ရေးသားခဲ့ခြင်းဖြစ်ကြောင်း တညီတညွတ်တည်း လက်ခံထားကြသည်။ စစ်ပြုကာလ၏ ရှေးအချိန်တို့မှာ ကြေးနီနှင့် ဆောင်းဦးရာသီများဖြစ်ပြီး ကျိုမင်းဆက်၏ အာဏာ စတင်ယိုယွင်းလာချိန်ဟု ဆိုသည်။ ကျိုမင်းဆက် ထွန်းကားခဲ့သောအချိန်ကို ကြေးခေတ်ဟု သတ်မှတ်နိုင်သည်။

ကြေးခေတ်တွင် လက်နက်များကို စနစ်တကျ စတင် သုံးစွဲလာနိုင်ပြီဖြစ်သည်။ ဘီစီ ၄၇၅ တွင် အုပ်ချုပ်ရေးစနစ်သည်လည်း ယခင်နှင့်မတူ သိသိသာသာ ပြောင်းလဲလာပြီဖြစ်သည်။ သက်ဦးဆံပိုင်စနစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲများကို ဘုရင်ဟူသော အသုံးမျိုးဖြင့် သုံးစွဲလာကြပြီ။ ထို့ပြင် ဘုရင်တို့သည် တစ်နိုင်ငံမှ တစ်နိုင်ငံကို သိမ်းပိုက်ရန် အားထုတ်နေသော ကာလလည်း ဖြစ်သည်။

ထိုကာလတွင် သက်ဦးဆံပိုင်ဘုရင်နှင့် မြေပိုင်ရှင်

mgyoe.com

mgyoe.com



နယ်စားကြီးတို့၏ ဆက်ဆံရေးမှာ ထူးခြားသည်။ နယ်ပိုင် မြေပိုင်တို့သည် ဘုရင်ကို သစ္စာခံသည် မှန်သော်လည်း အမြဲတမ်း တော်လှန်ပုန်ကန်ဖို့သာ ကြံစည်နေကြသည်။ သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း မငြိမ်သက်မှုတို့ဖြင့် ပြည့်နေသည်။ အပြောင်းအလဲများ အမြဲတစေဖြစ်ပေါ်နေလေ့ရှိသည်။ တိုက်ပွဲပုံသဏ္ဌာန်သည်လည်း ရေရှည်ဆင်နွှဲရသည့် စစ်ပွဲကြီးများဖြစ်လာသည်။ ထို့ပြင် မြင်းတပ်နှင့် လေးမြားအသုံးပြုရသည့် စစ်သည်များလည်း ပါဝင်လာသည်။ အရှေ့အာရှသမိုင်းတွင် ပထမဆုံးသော စစ်လက်နက် အင်္ဂါရပ်များပင်ဖြစ်သည်။

စစ်လက်နက်များ ပြောင်းလဲလာသကဲ့သို့ လူပုဂ္ဂိုလ်ဆိုင်ရာသည်လည်း ပြောင်းလဲလာခဲ့သည်။ စစ်မက်ရေးရာတွင် စစ်ချီစစ်တက်ပုံမှအစ တပ်နေရာချထားခြင်း၊ သူလျှိုစေလွှတ်ခြင်းတို့အထိ ပါဝင်လာသည်။ ရှေးကကဲ့သို့ ထိုးခုတ် သတ်ဖြတ်ရုံသာမကတော့ဘဲ ဆွန်ဇု၏ ဗျူဟာဆင်၍ စစ်ခင်းခြင်းပညာရပ်လည်း ပေါ်ထွန်းလာရတော့သည်။

ဆွန်ဇုရေးသားသည့် စစ်အတတ်ပညာကျမ်းကို လေ့လာကြည့်ပါက စစ်မက်ရေးရာသာမကဘဲ စစ်တပ်တစ်ခု၏ ဖွဲ့စည်းပုံပါ ပြောင်းလဲလာကြောင်း တွေ့ရှိရသည်။

စစ်တပ်တစ်ခုဖွဲ့စည်းပုံတွင် စစ်သား၊ တပ်စုအဖွဲ့၊ စစ်ကဲ၊ စစ်သူကြီးတို့ ပါဝင်လာသည်။ အကြီးအကဲနှင့် လက်အောက်ငယ်သားတို့၏ ဆက်ဆံရေးကိုပါ ထည့်

mgyoe.com

mgyoe.com



သွင်းဖော်ပြထားသည်။ စစ်နှင့်ပတ်သက်သည့် သဘောတရားများ၊ နိုင်ငံရေး အမြော်အမြင်များ၊ စစ်သည်တပ်မှူးစစ်ကဲတို့၏ စိတ်ပိုင်းဆိုင်ရာ အနေအထားများကိုလည်း ရေးသားထားသည်။

ရှေးဦးနှင့် ဆောင်းဦးရာသီတို့၌စစ်ဆင်ရလျှင် စစ်မြင်းလှည်းများ အသုံးပြုကြသည်။ တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်ရာတွင် မြို့စားနယ်စားကြီးတို့ကလည်း သူတို့ကိုယ်ပိုင်စစ်သည်များဖြင့် ပါဝင်တိုက်ခိုက်ပေးကြသည်။ သူတို့ သစ္စာခံသောဘုရင်ဘက်က ပါဝင် တိုက်ခိုက်ပေးခြင်းဖြစ်သည်။

ယခင်က စစ်ဆင်ကြရာတွင် ပွင့်လင်းရာသီတစ်ခုအတွက် ရက်ပိုင်းစမျှသာ ကြာညောင်းလေ့ရှိသည်။ တဖြည်းဖြည်း ပြောင်းလဲလာသည်နှင့်အမျှ စစ်အင်အားလည်း ကြီးမားလာသလို စစ်ဆင်သည့်ကာလလည်း ကြာညောင်းလာတော့သည်။ ထို့ပြင် အင်အားကြီးမားသောစစ်တပ်တို့က စစ်မျက်နှာတစ်ခုထက် ပိုမိုဖွင့်၍ တိုက်ခိုက်ကြသည်။

ထိုစစ်မက်ကာလနှင့် တစ်ချိန်တည်းလိုလိုပင် တရုတ်နိုင်ငံတွင် အတွေးအခေါ်ပညာများလည်း ထွန်းကားလာခဲ့သည်။ ကွန်ဖြူးရှပ်နှင့် လောင်ဇူးတို့မှာ ထင်ရှားကျော်ကြားလှသည်။ သို့ဖြစ်ရာ လောင်ဇူး၏ တောက်တယ်ကျင်း ကျမ်းလာ အချက်အလက်များမှာ ဆွန်ဇု၏ စစ်ရေးအယူအဆတို့အပေါ် လွှမ်းမိုးထားလေသည်။

●

mgyoe.com

·mgyoe.com

# ဆွန်ဇု၏ အဆိုအမိန့်

ဆွန်ဇုက ဤသို့ဆိုခဲ့သည်။

> "စစ်ဆိုတာ နိုင်ငံတိုင်းအတွက် အရေးကြီးတဲ့ကိစ္စ၊ သေခြင်းတရားနဲ့ ရှင်သန်ခြင်းတို့ကြားကကာလ၊ ရှင်ကျန်ရစ်ခြင်းနဲ့ သေလွန်သွားခြင်းတို့ကြားက လမ်းခရီးတစ်ခု၊ စေ့စေ့စပ်စပ်တွေးခေါ်လုပ်ဆောင်ရမယ့် ပညာတစ်ရပ် ဖြစ်တယ်"

အခြေအနေတစ်ရပ်ကို စိစစ်အကဲဖြတ်နိုင်ဖို့ရာ အချက် ငါးချက်ရှိသည်။ ၎င်းတို့မှာ –

- လမ်းစဉ်
- ကောင်းကင်ဘုံ
- ကမ္ဘာမြေပြင်
- အမိန့်
- စည်းကမ်းတို့ ဖြစ်သည်။

လမ်းစဉ်ဆိုသည်မှာ ပြည်သူနှင့်အုပ်ချုပ်သူကို သေအတူ ရှင်မကွာ တစ်သားတည်းဖြစ်စေသည်။

mgyoe.com

mgyoe.com


ကောင်းကင်ဘုံဆိုသည်မှာ 'ယင်ယန်' သဘောတရားဖြစ်ပြီး ရာသီဥတုအနေအထားကို ဆိုလိုသည်။

ကမ္ဘာမြေပြင်ဆိုသည်မှာ မြေပြင်အနိမ့်အမြင့်၊ အနီးအဝေး၊ ဟင်းလင်းပြင်နှင့် အကာအကွယ်တည်ရှိခြင်း၊ အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းတို့ဖြစ်သည်။

အမိန့်ဆိုသည်မှာ ဉာဏ်ပညာ၊ သစ္စာတရား၊ ကရုဏာရှိခြင်း၊ ရဲစွမ်းသတ္တိ၊ ပြတ်သားမှုတို့ဖြစ်သည်။

စည်းကမ်းဆိုသည်မှာ စည်းလုံးညီညွတ်ခြင်း၊ တာဝန်ကျေပွန်ခြင်း၊ ထိန်းသိမ်းနိုင်ခြင်းတို့ဖြစ်သည်။

ဤအချက်ငါးချက်ကိုသိရှိပြီး လုပ်ဆောင်နိုင်သူသည် အနိုင်ရလိမ့်မည်။ မလုပ်နိုင်သူဟာ အရှုံးကို ကြုံရလိမ့်မည်။

ဤအခြေခံဥပဒေသများကို လုပ်ငန်းခွင်အုပ်ချုပ်မှုနှင့် ဆက်ဆံရေးဆိုင်ရာတွေမှာလည်း အသုံးချ၍ရသည်။

●

mgyoe.com

mgyoe.com

# အကြွင်းမဲ့ အောင်နိုင်ခြင်း

'အကြွင်းမဲ့အောင်နိုင်ခြင်း' ဆိုသည်မှာ သင့်ဘက်က ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေပြီး ရန်သူအပေါ် လုံး၀ အကြွင်းမဲ့ အနိုင်ရယူခြင်း ဖြစ်သည်။

အကြွင်းမဲ့အောင်နိုင်ခြင်းအတွက် –

(၁) ရန်သူရဲ့မျှော်လင့်ချက်ကို ပယ်ဖျောက်ပစ်ရမည်။

(၂) သင့်အစွမ်းအစကို အကုန်ထုတ်သုံးရမည်။

(၃) ရန်သူရဲ့အားနည်းချက်ကို သိထားရမည်။

(၄) ရန်သူမျှော်လင့်မထားတဲ့နေရာက တိုက်ခိုက်ရမည်။

တိုက်ပွဲဖြစ်နေစဉ်အတွင်း ရန်သူတို့အနေနှင့် သူတို့အနိုင်ရမည် ဆိုသော မျှော်လင့်ချက်ကို မှေးမှိန်သွားအောင် လုပ်ဆောင်ပစ်ရမည်။ ရန်သူအပေါ် မိမိတို့က အလွယ်တကူဖြင့် အနိုင်ရသည့်ဟန်မျိုး လုပ်ဆောင်ပြရမည်ဖြစ်သည်။ သင်၏ အင်အားမှန်သမျှကို အကုန်အစင် အသုံးပြုပါ။ ရန်သူ၏အားနည်းချက်ကို တိုက်ခိုက်ခြင်းအားဖြင့် သင့်ဘက်က အင်အားဖြုန်းတီးရာ မရောက်တော့ပါ။ ရန်သူ မျှော်လင့်မထားသောနေရာက အငိုက်ယူပြီးတိုက်ခိုက်မည်ဆိုပါက ရန်သူတို့ ဘာမျှကြိုတင်ပြင်ဆင်မှုမရှိထားသောကြောင့် သင် အသာစီးရဖို့ အခြေအနေ

mgyoe.com

mgyoe.com


ဖြစ်စေသည်။

ရဲမက်တို့တွင် အခြေအနေ ၄ မျိုးရှိသည်။

ရဲမက်တစ်ယောက် တိုက်ခိုက်ခြင်းဟာ မျှော်လင့်ချက်ရှိလို့ ဖြစ်တယ်။

ရဲမက်တစ်ယောက် ထွက်ပြေးခြင်းဟာ ထွက်ပြေးနိုင်တဲ့ အခြေအနေကြောင့်ဖြစ်တယ်။

ရဲမက်တစ်ယောက် တိုက်ခိုက်ခြင်းဟာ သေမထူးနေမထူး ရွေးချယ်စရာမရှိလို့ ဖြစ်တယ်။

ရဲမက်တစ်ယောက် ထွက်ပြေးခြင်းဟာ ဆက်လက် တိုက်ခိုက်လိုစိတ် မရှိတော့လို့ဖြစ်တယ်။

စစ်ပွဲတစ်ခု ရှုံးနိမ့်ရခြင်းမှာ အောက်ပါအခြေအနေ ၃ ရပ်နှင့်လည်း သက်ဆိုင်သည်။

(၁) မျှော်လင့်ချက်လုံးဝမရှိတဲ့အခြေအနေ ကြုံနေတာတောင်မှ သင့်မှာမျှော်လင့်ချက်ရှိနေသေးတယ်လို့ ထင်မြင်နေခြင်း၊

(၂) တခြား ရွေးချယ်စရာ နည်းလမ်းရှိနေတာတောင်မှ အသေခံတိုက်ခိုက်သွားမယ်လို့ ယုံကြည်နေခြင်း၊

(၃) နောက်ဆက်တွဲရလဒ်တွေကို ထည့်မတွက်ဘဲ အလောတကြီး ဆုံးဖြတ်ချက်ချမှတ်ခြင်း။

ယင်းအချက်တို့သည် ရှုံးနိမ့်မှုနှင့် ကြုံတွေ့စေသည်။ သင့်တွင် မျှော်လင့်ချက်မရှိတော့သည့်အခြေအနေ ကြုံနေရချိန်၌ မျှော်လင့်ချက်ရှိနေသေးသည်ဟုထင်မြင်ပြီး မလုပ်သင့်သည့်စွန့်စားမှုကို လုပ်ဆောင်မိတတ်သည်။ တခြားရွေးချယ်စရာ နည်းလမ်းရှိနေချိန်တွင် မလိုအပ်ဘဲ အသက်အသေခံ လုပ်ဆောင်ခြင်းမှာ မည်သည့်ရလဒ်ကောင်းမှ ဖြစ်မလာစေပါ။ သင့်ကိုယ်သင် အခုလိုဆုံးဖြတ်ချက်မျိုး မချသင့်ဘူးဟု

mgyoe.com

သိနေသော်ငြားလည်း နောက်ဆက်တွဲဖြစ်လာနိုင်ခြေတို့ကို မငဲ့တော့ဘဲ လုပ်ဆောင်ခြင်းမှာ အရှုံးတရားကို ဦးတည်စေသည်။

ထို့ကြောင့် အကြွင်းမဲ့အောင်နိုင်ရေးကို ကျင့်သုံးချင်သူသည် ယခု ဖော်ပြခဲ့သည့်အခြေအနေကို နားလည်သိရှိထား ရမည်ဖြစ်သည်။

သဘောတရားတစ်ခု၏ မှန်ကန်မှုအတိုင်းအတာသည် နားလည် သဘောပေါက်မှုအပေါ် တည်မှီနေသည်။ ကမ္ဘာကို ကိုင်လှုပ်ခဲ့သော အတွေးအခေါ်အချို့သည် တစ်ဦးတစ်ယောက်တည်းထံမှ ထွက်ပေါ် လာခြင်းဖြစ်သည်။ အဖွဲ့အစည်းတစ်ခု၏ ကံကြမ္မာသည် ဦးဆောင်သူ အကြီးအကဲ၏ အဆုံးအဖြတ်နှင့် အရည်အသွေးအပေါ်တွင် တည်မှီနေ သည်။ ဤသည်ကို ယုံမှားသံသယဖြစ်စရာ မရှိချေ။

> "မှားယွင်းမှုတစ်ခု၏ တရားခံသည် အကြီးအကဲဖြစ်သကဲ့သို့ အောင်မြင်မှု၏ အရင်း အမြစ်သည် ပါဝင်သူအားလုံး၏ စွမ်းဆောင်မှု ဖြစ်သည်"

လုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် စဉ်းစားသုံးသပ်ရန် အခြေခံ အချက်များမှာ –

၁။ စိတ်ဓာတ်ရေးရာ
၂။ လုပ်ငန်းဆောင်ရွက်ရာ ပတ်ဝန်းကျင် အခြေအနေ
၃။ လုပ်ငန်းသဘာဝ အခြေအနေ
၄။ ခေါင်းဆောင်မှု
၅။ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း။

အထက်ပါ အချက် ၅ ချက်ကို ကောင်းစွာ နားမလည်လျှင် ရှုံးနိမ့်မည်ဖြစ်သည်။

mgyoe.com

mgyoe.com

အကြီးအကဲဖြစ်သူမှ သူ့အဖွဲ့အစည်းအပေါ် ဒုက္ခပေးနိုင်တဲ့ အခြေအနေသုံးရပ် –

၁။ အချိန်လွဲမှားစွာ အမိန့်ပေးခြင်း၊ မဆောင်ရွက်သင့်သေးသော အခြေအနေ၌ ဆောင်ရွက်ရန်အမိန့်ပေးခြင်း၊ မရပ်တန့်သင့်သော အခြေအနေ၌ ရပ်ဆိုင်းရန်အမိန့်ပေးခြင်း။

၂။ ကိစ္စရပ်များကို ကောင်းစွာ မသိနားမလည်ဘဲ ပါဝင် စွက်ဖက်တတ်ခြင်း။

၃။ ကျွမ်းကျင်မှုမရှိသူကို တာဝန်ပေးအပ်ခြင်း။

အောင်ပွဲရရန် အရေးကြီးသည်တို့မှာ –

- ဆောင်ရွက်ရမည့် အချိန်ကို သိခြင်း။
- ကိုယ့်အဖွဲ့အစည်းရှိ အင်အားကို အသုံးချတတ်ခြင်း။
- အဆင့်တိုင်းမှာ စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း။
- ကြိုတင်ပြင်ဆင်ခြင်း
- ကျွမ်းကျင်သူအား ရွေးချယ်တာဝန်ပေးအပ်ခြင်း။
- မလုပ်နိုင်သောသူကို တာဝန်ကြီးလေးစွာ မပေးရ။
- ကြံရည်ဖန်ရည်မရှိသူထံမှ လုပ်ငန်းပြီးမြောက်မှု မတောင်းဆိုရ။

ခေါင်းဆောင်ကို ဆိုးကျိုးပေးနိုင်တဲ့ စရိုက် ၃ ချက်။

၁။ ပေါ့ဆလျှင် ရှုံးနိမ့်မည်။

၂။ သူရဲဘောကြောင်လျှင် ရှုံးနိမ့်မည်။

၃။ အလောတကြီး ဆုံးဖြတ်လျှင် အလွဲလွဲအမှားမှားဖြစ်မည်။

mgyoe.com

mgyoe.com

## ခေတ်သစ် စစ်ရေးလက္ခဏာများ

ရှေးဂန္ထဝင်စစ်ကျမ်းတို့ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု အသစ်များ ပြုလုပ်၍ အင်္ဂလိပ်လို ဘာသာပြန် ထုတ်ဝေလျက်ရှိသည်။ မူရင်းကျမ်းတို့ကို ဋီကာဆရာတို့က ဋီကာသစ်များဖြည့်စွက်ပေး၍ ပြန်လည် ထုတ်ဝေခြင်းဖြစ်သည်။ ထိုအခါ ဂန္ထဝင်စစ်ကျမ်းတို့သည် ခေတ်သစ်စစ်ရေး အခြေအနေတို့နှင့် မည်၍မည်မျှ ဆီလျော်အပ်စပ် အကျိုးဝင်နိုင်သနည်း ဟူသော မေးခွန်းပေါ်လာသည်။ ဤသည်ကို ဖြေရှင်းရန်အလို့ငှာ ၂၁ ရာစုနှစ် စစ်ပွဲတို့၏ အသွင်လက္ခဏာတို့ကို သုံးသပ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရသည်။

(၁) ယနေ့စစ်ပွဲတို့သည် သမားရိုးကျ စစ်ပွဲမျိုးမဟုတ်။ သမားရိုးကျ မဟုတ်သောစစ် (Non-conventional War fare) များဖြစ်သည်။

(၂) စစ်အင်အားချင်းမတူ အချိုးမမျှဘဲ ဆင်နွှဲရသောစစ်ပွဲ (Asymmetrical War fare) ဖြစ်သည်။

(၃) အင်ဖော်မေးရှင်းစစ်ပွဲ (Information War fare) ပုံသဏ္ဌာန် ဖြစ်သည့် ပညာစစ်ပွဲ (Knowledge War fare) ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုက်ဘာဝါး (Cyber War)

mgyoe.com

mgyoe.com


ဖြစ်သည်။

(၄) ရန်သူအမျိုးအစားသည်လည်း ပြောင်းလဲသွားသည်။ လူ့အသက်ကိုတန်ဖိုးမထား မမြတ်နိုးသော ရန်သူဖြစ်သည်။

(၅) ခေတ်သစ်စစ်ပွဲတွင် –

- လက်နက်စနစ် ခေတ်မီ စမတ်ကျမှု (Weapon System)
- တပ်အချင်းချင်း အမိန့်ပေး၊ တပ်ဖွဲ့အချင်းချင်း အင်တာနက်သုံး၍ ဆက်သွယ်မှုနှင့် ညှိနှိုင်းမှု (Communication and Coordination)
- ထောက်ပို့စနစ် ခေတ်မီစမတ်ကျမှု (Smart Supply Chain) တို့ဖြင့် တိုက်ခိုက်နေသည်။

ခေတ်သစ်စစ်ပွဲ ပုံသဏ္ဍာန်ကို စိစစ်သုံးသပ်ကြည့်ပြီး ဂျာမန်စစ်ပါရဂူ ကလော့ဇ်ဝပ်၏ စစ်သီအိုရီသည် သမားရိုးကျစစ်ပွဲမျိုးကိုသာ ရည်ညွှန်းထားသည်။ ခေတ်သစ်စစ်ပွဲနှင့် အံဝင်ခွင်ကျမဖြစ်ဟု သုံးသပ်သည်။

သို့သော် ကလော့ဇ်ဝပ်သီအိုရီမှ လှုပ်ရှားစစ် (Kinetic Warfare) ပုံစံမျိုးကမူ အထိုက်အလျောက် ဆီလျော်မှု ရှိလေသည်။

ဆွန်ဇု၏ တိုက်ခိုက်ရေးမူသည် သမားရိုးကျ စစ်ပွဲမျိုးနှင့်လည်း ကိုက်ညီသည်။ အချိုးမမျှသော စစ်ပွဲပုံသဏ္ဍာန်နှင့်လည်း ကိုက်ညီသည်ဟု သုံးသပ်မိသည်။ ဆွန်ဇု၏သီအိုရီတွင် ရန်သူအား လှည့်စားခြင်း၊ လှည့်ကွက်ပညာကို အထူး အရေးပေးထားသည်။ ကလော့ဇ်ဝပ်နှင့် ဆွန်ဇု နှစ်ဦးစလုံးက စစ်သည် နိုင်ငံရေး၏အဆက်ဖြစ်သည် ဆိုသော အချက်ကို ယုံကြည်ကြသည်။

ထိုအဖြစ်ကိုအခြေခံ၍ ဆွန်ဇုက စစ်ပွဲ၌ ရန်သူအပေါ် အောင်နိုင်

mgyoe.com

mgyoe.com


ရာတွင် ဉာဏ်ပညာဖြင့် အောင်နိုင်ရမည်။ ရန်သူ၏မဟာမိတ်ကို ဖရိုဖရဲဖြစ်သွားအောင်လည်း ဉာဏ်ပညာကို လှုသုံးရမည်။ မတိုက်ခိုက်ရဘဲနှင့် ရန်သူက ဒူးထောက်အရှုံးပေးလာအောင် ဉာဏ်ပညာဖြင့် အနိုင်ယူရမည်ဟု ဆိုသည်။

ဆွန်ဇု၏ ဂန္ထဝင်စစ်ကျမ်းကို တရုတ်လွတ်မြောက်ရေး တပ်မတော်မှ ဗိုလ်ချုပ်တစ်ဦးဖြစ်သူ တော်ဟန်ဇင်က ဋီကာအသစ်ကို တရုတ်ဘာသာဖြင့်ရေးသည်။ ဋီကာသစ်ကို ယန်ရှိတင်က အင်္ဂလိပ်လို ဘာသာပြန်၍ နယူးယောက် စာအုပ်တိုက်တစ်တိုက်က ထုတ်ဝေသည်။ ဆွန်ဇု၏ သီအိုရီကို တရုတ်ဗိုလ်ချုပ်တစ်ဦးက အနက်အဓိပ္ပာယ်အသစ် ဖွင့်ဆိုခြင်းကို စိတ်ဝင်စားကြသည်။

စစ်ကျမ်းများခေတ်စားလာသလို ပထဝီမဟာဗျူဟာ တွေးခေါ်ပညာရှင် ဂရယ်ဂရီကော့ပ်လေးကလည်း အောင်ပွဲပညာ (The Art of Victory) ဆိုသောကျမ်းကို ရေးသားထုတ်ဝေခဲ့သည်။ သူက အောင်ပွဲသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ အရေးကြီးသော ပန်းတိုင်ဖြစ်သည်။ Principal Goal of Society ဟု ဆိုသည်။ အောင်ပွဲသည် နိုင်ငံအစိုးရတစ်ရပ်၏ ပထမဦးဆုံးတာဝန် (The First Responsibility of The State) လည်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အောင်ပွဲ၌သာ လူထုတစ်ရပ်၏ အသက်ရှင်သန်မှု၊ လူ့အဖွဲ့အစည်း၏ယဉ်ကျေးမှု၊ အသက်ရှင်သန်မှု၊ ဘာသာစကားနှင့် လွတ်လပ်ခွင့်တို့ တည်ရှိနေသောကြောင့် ဖြစ်သည်။ စစ်၏ အဓိကရည်ရွယ်ချက်သည် အမြဲတမ်းလိုလို၌ အောင်ပွဲဖြစ်သည်။ ဤအောင်ပွဲကို အင်အားမသုံးမဖြုန်းရဘဲ ရရှိသည်ဟုဆိုလျှင် အကောင်းဆုံး ဖြစ်သည်။

အင်အား မသုံးရဘဲ ရရှိသောအောင်ပွဲကို တန်ဖိုးထားအပ်သည်

mgyoe.com

mgyoe.com


ဟုဆိုရာ၌ တရုတ်စစ်ကျမ်း ဆရာကြီးဆွန်ဇု၏အမြင်သည် ဆီလျော်နေသည်။ သူက စစ်ပွဲ၏ အဓိကဦးစားပေးမှုသည် ရန်သူ၏ စိတ်ဓာတ်အင်အားကို ဖရိုဖရဲဖြစ်အောင် ပြုရေးဖြစ်သည်။ ဤအတွက် လှည့်စားချက်၊ အလစ်အငိုက်နှင့် အားထုတ်မှုတို့ကို သုံးစွဲရန်လိုအပ်သည်။ စင်စစ် ထိပ်ခေါင်အကျဆုံးပညာသည် မတိုက်လိုက်ရဘဲနှင့် ရန်သူက အရှုံးပေးသော နည်းဗျူဟာဖြစ်သည်။

တခြားကျမ်းလာ ဗျူဟာများလည်း ရှိသေးသည်။ ဖော်ပြပါ ဗျူဟာအပေါင်းအား စစ်ရေး၌သာအသုံးမချစေဘဲ လူမှုရေး၊ စီးပွားရေးတို့တွင်ပါ ဉာဏ်ရှိသလိုအသုံးချပါက အကျိုးသက်ရောက်မှုများ ဧကန်တိုးပွားလာမည်ဖြစ်သည်။

စစ်တို့မည်သည် အင်အားနည်းသည် များသည်မရှိ၊ လုပ်ရည်ကိုင်ရည်နှင့် ကြံရည်ဖန်ရည်သာ ပဓာနကျသည်။ ဆွန်ဇုက ဘယ်တောင်ပံ စစ်အားသာလျှင် ညာတောင်ပံ အားနည်းမည်။ ညာတောင်ပံအားသာလျှင် ဘယ်တောင်ပံ အားနည်းမည်ဟု ဆိုထားသည်။ စစ်တိုက်မည်ဆိုပါက အစစအရာရာ ကြိုတင်ပြင်ဆင်မှု အပြည့်အ၀ ရှိပြီးမှသာ တိုက်သင့်သည်ဟုလည်း အကြံပြုထားသည်။

●

mgyoe.com

mgyoe.com

## သေနင်္ဂဗျူဟာ စစ်ပညာ

### ဆွန်ဇုနှင့် အပျိုတော်များ

ဆွန်ဇုဟု လူသိများသောစွန်းဝူကို ဘီစီ ၅၀၀ ခန့်က မွေးဖွားခဲ့သည်။ တရုတ်နိုင်ငံ 'ကျီ' ပြည်နယ်သားဖြစ်ပြီး 'သေနင်္ဂဗျူဟာ စစ်ပညာကျမ်း' ကို ရေးသားခဲ့သူဖြစ်သည်။ ဘီစီ ၄၇၆–၂၁၁ အတွင်း ပြည်နယ်အချင်းချင်း စစ်ခင်းနေကြသည့်အချိန်ကာလတွင် 'ဝူ' ပြည်နယ်၏ မင်းမှုထမ်းဖြစ်ခဲ့သူ ဖြစ်သည်။

အခန်း ၁၃ ခန်းပါဝင်သော သူ၏စစ်ပညာကျမ်းသည် နာမည်ကြီးသဖြင့် ဝူပြည်နယ်မင်းသား ဂူဟောလူက ဖတ်ရှုပြီး သဘောကျသွားသောကြောင့် ဆွန်ဇုကို ဖိတ်ခေါ်တွေ့ဆုံခဲ့သည်။

"မောင်မင်း(ဆွန်ဇု) ရေးသားထားတာ တော်တော်ရှင်းလင်းပြည့်စုံပေသည်။ ကျွန်ုပ် ၁၃ ခန်းလုံး ဖတ်ပြီးပြီ၊ ကောင်းတယ်။ စစ်သည်အနည်းငယ်ဖြင့် အစမ်းသရုပ်ပြ၍ ရနိုင်ပါသလား" ဟု မေးတော်မူ၏။

"ရနိုင်ကြောင်းပါ" ဟု ဆွန်ဇုက လျှောက်တင်လိုက်သည်။

မင်းသားက "မိန်းမသားများနှင့် စမ်းပြနိုင်ပါသလော" ဟု မေးလာပြန်သည်။

"ရနိုင်ပါ၏ မင်းသား"

mgyoe.com

mgyoe.com


သို့နှင့် အမိန့်တော်အရ စီစဉ်ကြသည်။ နန်းတွင်း မောင်းမ အယောက်တစ်ရာ့ရှစ်ဆယ်ကို စုမိသည်။ ဆွန်ဇုက နှစ်စုခွဲလိုက်ပြီး တပ်တစ်စုစီကို ဘုရင့်အချစ်တော် မိဖုရားငယ်တစ်ပါးစီ ဦးစီးစေသည်။ ထို့နောက် မောင်းမအားလုံးကို ကိုယ်စီကိုယ်ငလှံတံများ ကိုင်ဆောင်စေလိုက်သည်။

ဆွန်ဇုက "အသင်တို့သည် အသင်တို့၏ ရင်ဝရှေ့တည့်တည့်၊ ဘယ်လက်၊ ညာလက်နှင့် နောက်ကျောတို့ကို သိကြပါသလော" ဟု မေးလိုက်သည်။

"သိပါ၏"ဟု အပျိုတော်ရံ မောင်းမများက ဖြေကြားလိုက်သည်။

"ကောင်းပြီ၊ ငါက ရှေ့ဘက်လို့ အမိန့်ပေးတဲ့အခါမှာ အားလုံး ရှေ့တည့်တည့်ကို မျက်နှာမူရမယ်။ ဘယ်ဘက်လှည့် ဆိုတဲ့အခါမှာ ဘယ်ဘက်ကို မျက်နှာမူရမယ်။ ညာဘက်လှည့်လို့ အမိန့်ပေးတဲ့အခါ ညာဘက်ကို မျက်နှာမူရမယ်။ နောက်ဘက်လို့ အမိန့်ပေးတဲ့အခါ နောက်ကျောဘက်ကို လှည့်ရမယ်" ဟု ဆွန်ဇုက ပြောလိုက်သည်။

စည်းကမ်းချမှတ်ပြီးသည်နှင့် ဓားကိုင် လက်မရွံ့သားများ ခန့်ထားလိုက်သည်။ အမိန့်စည်းကမ်းများကို အထပ်ထပ်အခါခါ ပြန်လည်ရှင်းလင်းပြောကြားပေးပြန်သည်။

ပြီးနောက် ညာဘက်ကြည့်ရန် စည်တီး အမိန့်ပေးလိုက်ရာ အပျိုတော်ရံ မောင်းမများက ဟားတိုက် ရယ်ကြလေသည်။

"စည်းကမ်းပြဋ္ဌာန်းခြင်း မပြတ်သား၊ ရှင်းပြချက် မပီပြင် မမှတ်မိခြင်းသည် တပ်မှူး၏အပြစ်သာ ဖြစ်သည်" ဟု ဆွန်ဇုက ပြောလိုက်သည်။

ထို့နောက်တစ်ဖန် စည်းကမ်းပြဋ္ဌာန်းချက်များ အထပ်ထပ် အခါခါ ချပြရှင်းလင်းပြီးနောက် ဘယ်ဘက်ကြည့်ရန် စည်တီးအမိန့်ပေးပြန်

mgyoe.com

mgyoe.com

သည်။ အပျိုတော်ရံ မောင်းမများလည်း နောက်တစ်ကြိမ် ဟားတိုက်ရယ်မောကြပြန်သည်။

"စည်းကမ်းပြဋ္ဌာန်းခြင်း မပြတ်သား၊ ရှင်းပြချက် မပီပြင် မမှတ်မိခြင်းသည် တပ်မှူး၏အပြစ်၊ စည်းကမ်းမလိုက်နာခြင်းသည် တပ်စုမှူးတို့၏ အပြစ်ဖြစ်သည်"

သို့နှင့် တပ်စုမှူးနှစ်ယောက်စလုံးကို ကွပ်မျက်ရန် စီစဉ်တော့သည်။

မင်းသား ဝေဟောလူသည် စင်မြင့်မှ ရှုစားနေလေရာ မိမိမြတ်နိုးသော မိဖုရားငယ်နှစ်ပါးစလုံး အသတ်ခံရမည်ကို မြင်သောအခါ အထိတ်တလန့်ဖြစ်ပြီး ချက်ချင်း အပါးတော်ဆက်သားအား တားမိန့်ထုတ်ပြန်စေသည်။

"ငါကိုယ်တော်မြတ်ကိုယ်တိုင် အဆွေတော်စစ်သူကြီး၏ စစ်ရေးကျွမ်းကျင်မှုကို သိရပြီဖြစ်၏။ မိဖုရားငယ်များ မရှိပါက ငါကိုယ်တော်မြတ် စားမဝင်၊ အိပ်မပျော် ဖြစ်ရချေတော့မည်။ ငါကိုယ်တော် မြတ်နိုးသော မိဖုရားငယ် နှစ်ပါးစလုံးအား မကွပ်မျက်ရန် မိန့်မှာတော်မူလိုက်သည်"

"ကျွန်ုပ်သည် အရှင်မင်းသား၏အမိန့်တော်အရ စစ်သူကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ဖြစ်သည်။ စစ်သူကြီးတို့မည်သည် တပ်တွင်း၌ရှိမူ ရှင်ဘုရင့်အမိန့်ကိုပင် မနာခံရသည်လည်း ရှိ၏" ဟု ဆွန်ဇုက ပြန်လျှောက်လိုက်သည်။ ထို့နောက် တပ်စုမှူးများဖြစ်ကြသော မိဖုရားငယ်နှစ်ပါးစလုံးကို ကွက်မျက်လိုက်သည်။

တစ်ဖန် နောက်ထပ် လူစားလဲပြီး တပ်စုမှူးအဖြစ် ခန့်ထားလိုက်သည်။ စည်တီးပြီး အမိန့်ပေးလိုက်သောအခါ အပျိုတော်ရံ မောင်းမများအားလုံး ဘယ်ညာ ရှေ့နောက်၊ ဒူးတုပ်ခြေကွေး အကြိမ်ကြိမ်အလီလီ

mgyoe.com

mgyoe.com

စည်းကမ်းတကျ လုပ်ဆောင်ကြရာ တခြား မည်သည့်အသံဗလံမျှ မထွက်ရဲကြတော့ချေ။

ဆွန်ဇုက မင်းသား ဝေဟောလူထံ ဆက်သားစေလွှတ် လျှောက်ထားလိုက်သည်။

"တပ်များ စည်းကမ်းတကျ ညီညာလျက်ရှိပြီဖြစ်၍ အရှင်မင်းသားကိုယ်တော်တိုင် စိတ်တိုင်းကျ အသုံးတော်ချနိုင်ပြီဖြစ်ကြောင်း၊ မီးထဲ ရေထဲ ဆင်းခိုင်းလျှင်လည်း အမိန့်တော်အတိုင်း နာခံကြလိမ့်မည်ဖြစ်ကြောင်း" လျှောက်ထားလိုက်သည်။

"အသင် စစ်သူကြီး၊ ငါကိုယ်တော်မြတ်ကိုယ်တိုင် ကြွရောက်ရှုစားတော်မူရန် ဆန္ဒမရှိတော့" ဟု မင်းသားက ပြောကြားပါတယ်။

"အရှင်မင်းသားသည် အပြောသာနှစ်သက် သဘောကျတတ်သူတည်း၊ စစ်ပညာသဘောကို လက်တွေ့ အသုံးမချတတ်သူ ဖြစ်သည်" ဟု ဆွန်ဇုက ကောက်ချက်ချလိုက်သည်။

မင်းသားက ဆွန်ဇု၏အစွမ်းအစကို အသိအမှတ်ပြုမိသဖြင့် ဝူ တပ်မတော်၏စစ်သူကြီးအဖြစ် ချက်ချင်း ခန့်အပ်လိုက်သည်။

နှစ်ပေါင်း ၂၀ အတွင်း ဆွန်ဇု ကွပ်ကဲသည့် ဝူတပ်မတော်သည် အိမ်နီးချင်းပြည်နယ်များဖြစ်သော ကွီ (Qi)၊ ကွင် (Qin)၊ ယူး (Yue) ပြည်နယ်တို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ဆွန်ဇု ကွယ်လွန်ပြီးနောက်ပိုင်း ဆက်ခံခဲ့ကြသည့် စစ်သူကြီး အဆက်ဆက်တို့မှာ ဆွန်ဇု၏စစ်ပညာသဘောတရားတို့ကို လိုက်နာခြင်းမရှိသောကြောင့် ရန်သူတို့ကို ပြန်လှန်တိုက်ခိုက် အောင်နိုင်မှုမရှိတော့ဘဲ ဘီစီ ၄၇၃ ၌ ဝူတပ်မတော်နှင့် ဝူနိုင်ငံတော် ပြိုကွဲပျက်သုဉ်းခဲ့ရတော့သည်။

ဆွန်ဇု ရေးသားစီရင်ခဲ့သော စစ်ပညာသဘောတရားတို့ကို လက်တွေ့ကျင့်သုံးလိုက်နာပါက အောင်မြင်စေပြီး အသုံးမချတတ်ပါက စစ်ပွဲ

mgyoe.com

များ ရှုံးနိမ့်စေနိုင်သည်။ စစ်ရေးကျွမ်းကျင်သူ ပညာရှိတစ်ဦးဖြစ်သော ဆွန်ဇုဏ် သေနင်္ဂဗျူဟာ စစ်ပညာကျမ်းသည် အဆီအနှစ်ကို ခြုံငုံဖော်ထုတ်ထားသော ကျမ်းတစ်စောင်ဖြစ်သည်။

စစ်ရေးကျွမ်းကျင်သူ ဗြိတိသျှလူမျိုး ဆာ ဘာဆီ ဟင်နရီလစ်ဒဲလ်ဟတ်က "စစ်အတတ်ပညာမှာ ဆွန်ဇုကို မီနိုင်သူမရှိ" ဟုဆိုခဲ့သလို စစ်သူကြီး ကားလ်ဗွန်ကလော့ဇ်ဝပ်ကလည်း "ဆွန်ဇုဏ် ထိုးထွင်းနဲ့စပ်သိမြင်မှုကို မယှဉ်နိုင်" ဟူ၍ မှတ်ချက်ချခဲ့သည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၁)
## စစ်ရေးသုံးသပ်ချက်

စစ်မက်ရေးရာကို ဆင်ခြင်စဉ်းစားသုံးသပ်ရာတွင် မရှိမဖြစ် အခြေခံအချက်ကြီး ၅ ရပ် ပါဝင်ရမည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ပထမ | စိတ်ဓာတ်ရေးရာ လွှမ်းမိုးရေး |
| ဒုတိယ | သဘာဝ ရာသီဥတု (ကာလ) |
| တတိယ | မြေပြင်အခြေအနေ (ဒေသ) |
| စတုတ္ထ | ခေါင်းဆောင်မှု (ပုဂ္ဂလ) |
| ပဉ္စမ | လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေများ |

**စိတ်ဓာတ်ရေးရာ။** ပြည်သူပြည်သားများကို သူတို့၏ ခေါင်းဆောင်များနှင့် ယုံကြည်ချက်၊ ခံယူချက်၊ ဦးတည်ချက် စသည်တို့တွင် တညီတညွတ်တည်း ဖြစ်စေရသည်။ ပြည်သူနှင့် အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးရေးသည် အရေးကြီးဆုံးသော ပထမအချက်ဖြစ်သည်။

**ရာသီဥတု။** နွေရာသီ၏ ပူပြင်းမှု၊ မိုးရာသီ၏ စွတ်စိုထိုင်းမှိုင်းမှု၊

mgyoe.com

mgyoe.com

ဆောင်းရာသီ၏ အေးမြမှု၊ ယင်း ရာသီဥတုတို့၏ အကျိုး သက်ရောက်စေနိုင်မှုများ စစ်ဆင်ရေးအပေါ် တွက်ချက်သုံးသပ်ရာတွင် ပါဝင်သည်။

**မြေပြင်အခြေအနေ။** လမ်းပန်းအဆက်အသွယ်၊ အကွာဝေး၊ ရေမြေ တော တောင်၊ မြစ် ချောင်း အင်း အိုင် အခြေအနေများက စစ်မက်ရေးရာကို သေခြင်း၊ ရှင်ခြင်း အခွင့်အလမ်း တစ်ခုခုကို ပေးသည်။ ကွင်းပြင်ကျယ်လျှင် တပ်ကို ဖြန့်နိုင်မည်။ လျှိုမြောင်အနေအထားဖြစ်လျှင် တပ်အင်အား အနည်းငယ်ဖြန့်ပြီး ချီတက်ရမည်။ တိုက်ပွဲဆင်နွှဲသင့်သည့် မြေပြင်အခြေအနေကို ကြိုတင်ဆင်ခြင်ရမည်။

**ခေါင်းဆောင်ကွပ်ကဲမှု။** စစ်သူကြီးသည် ဉာဏ်ပညာရှိခြင်း၊ ရိုးသားခြင်း၊ စာနာတတ်ခြင်း၊ ရဲစွမ်းသတ္တိနှင့် စည်းကမ်းကို တစ်သဝေမတိမ်းလိုက်နာခြင်း အရည်အသွေး ၅ ရပ် ပြည့်စုံရမည်။

**စည်းစနစ်။** ဆုပေးစနစ်၊ အုပ်ချုပ် ထောက်ပံ့ပေးစနစ်၊ ဖွဲ့စည်းပုံ၊ ကြီးကြပ်ကွပ်ကဲပုံ၊ မှန်ကန်စွာ တာဝန်ခွဲဝေပုံ၊ ရာထူးခန့်အပ်ပုံ စသည့် လုပ်ငန်းနည်းစနစ်များ ကောင်းမွန်မှန်ကန်ရမည်။

အထက်ပါအခြေခံအချက်ကြီး ၅ ချက်ကို မသိသော စစ်သူကြီးဟူ၍ မရှိပေ၊ ယင်းတို့ကို ကောင်းစွာ နားလည်သော စစ်သူကြီးသည် စစ်ပွဲနိုင်လိမ့်မည်။ ထိုအကြောင်းခြင်းရာများကို ကောင်းစွာ မသိမြင်တတ်သည့် ပုဂ္ဂိုလ်များသည် စစ်ပွဲရှုံးနိမ့်ကြလိမ့်မည်။

သို့ဖြစ်၍ စစ်ဆင်ရေးစီမံချက်များကို ရေးဆွဲပြင်ဆင်ရာ၌ အထက်ပါအခြေခံ မရှိမဖြစ်၊ မသိမဖြစ် အချက်များကို အထူးတလည်

mgyoe.com

mgyoe.com




သတိထား၍ စဉ်းစားသုံးသပ်ရမည်။

အလုံးစုံသော စစ်ရေးစစ်ရာဟူသမျှတို့သည် လှည့်စားခြင်းအပေါ် အခြေခံသည်။ ထို့ကြောင့် စွမ်းအင်ကြီးမားစဉ် အင်အား ချည့်နဲ့နေဟန်၊ ထက်မြက်သွက်လက်နေချိန်တွင် မလှုပ်မရှားငြိမ်နေလေဟန် လှည့်စားနိုင်ရမည်။

ရည်မှန်းချက်နေရာနှင့် နီးနေချိန်၌ ရန်သူက ဝေးနေသေးသည်ဟု ယူဆစေရမည်။ အဝေးတွင် မိမိရှိနေခိုက် ရန်သူက မိမိ သူ့အနီးတွင် ကပ်နေပြီဟု ယုံကြည်နေစေရမည်။

ရန်သူကို ငါးစာပြ၍ မျှားခေါ်ရမည်။ ကျုံးသွင်းရမည်။ အငိုက်ဖမ်းတိုက်ခိုက်ရမည်။

ရန်သူ စုစည်းနေလျှင် မိမိက ပြင်ဆင်ထားရမည်။ ရန်သူအင်အားတောင့်တင်းနေချိန် မိမိက ရှောင်ရှားရမည်။

ရန်သူ့တပ်မှူးများ ဒေါသူပုန်ထစေရန် ဆွပေးရမည်။ စိတ်ရှုပ်ထွေးစေရန်၊ ခေါင်းပူစေရန် အလုပ်ပေးထားရမည်။

mgyoe.com

mgyoe.com


မိမိ အင်အား ချည့်နဲ့သေးငယ်ဟန် ဆောင်ရမည်။ ရန်သူ မောက်မာမှုကို အားပေးအားမြှောက် ပြုပေးရမည်။ ဘဝင်မြင့်စေရန် လေပင့်ပေးရမည်။

ရန်သူကို အဆက်မပြတ် စိတ်ဖိစီးနေစေရမည်။ အေးအေးဆေးဆေး သက်သောင့်သက်သာ မနေနိုင်စေရန် အဆက်မပြတ်ဆွပေးလျက် ပင်ပန်းနွမ်းနယ်နေစေရမည်။

ရန်သူ၏ စည်းလုံးညီညွတ်မှုကို နည်းအမျိုးမျိုးသုံး၍ ဖြိုခွဲရမည်။ အုပ်စုကွဲရန် သပ်လျှိုရမည်၊ သွေးခွဲရမည်။ အဆင့်လိုက်၊ အလွှာလိုက်၊ နေရာအလိုက်၊ တပ်အလိုက် စိတ်ဝမ်းကွဲပြားစေရန် သွေးထိုးရမည်။

ရန်သူ အဆင်သင့်မဖြစ်သေးသောနေရာကို ရွေးချယ်တိုက်ခိုက်ပါ။ ရန်သူ မမျှော်လင့်သောဘက်မှ ထွက်၍ တိုက်ပါ။ အငိုက်ဖမ်းနိုင်ခြင်းသည် အောင်ပွဲ၏ လျှို့ဝှက်ချက်ဖြစ်သည်။

ဤအကြောင်းအချက်များသည် စစ်အောင်မြင်ရေး၏ မဟာဗျူဟာမြောက် သော့ချက်များဖြစ်သည်။ ဤသို့ မဆောင်ရွက်သေးမီ မပေါက်ကြားစေရ။

စစ်ပွဲ မစတင်မီ ရန်သူနှင့် မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို အဘက်ဘက်မှ ချိန်ဆသုံးသပ်ရမည်။ မိမိတပ်ဘက်က အလေးသာလျှင် အောင်မြင်မှုရရန် အခွင့်အလမ်းရှိမည်။ မိမိတပ်ဘက်က အရေးမသာသေးလျှင် ရှုံးနိမ့်ဖွယ်ရာရှိသည်။

ဆေ့စပ်သေချာသော စီမံတွက်ဆခြင်းသည် အောင်ပွဲသို့ ရှေးရှုသည်။ မရေမရာ စီမံချက်သည် အောင်ပွဲနှင့် လွဲချော်တတ်သည်။ မပြင်မဆင်ဘဲ၊ မစီမံဘဲ စစ်ရေးဆင်နွှဲခြင်းသည် အဆိုးရွားဆုံးဖြစ်သည်။ အထက်ပါ ပေါင်းစပ်ညှိနှိုင်းမှု များအပေါ်မူတည်၍ အဖြေတွက်ဆနိုင်သည်။

●

mgyoe.com

mgyoe.com

# အခန်း (၂)
# စစ်ပွဲဆင်နွှဲခြင်း

ယေဘုယျအားဖြင့် စစ်ဆင်ရေးတစ်ရပ် တိုက်ခိုက်တော့မည်ဆိုပါက စစ်မြေပြင်အတွက် တိုက်ပွဲဝင် စစ်မြင်းရထား ၁၀၀၀ လိုအပ်မည်။ ၄ ကောင်ဆွဲ ဝန်တင်မြင်းလှည်း၊ နွားလှည်း ၁၀၀၀ လိုသည်။ ကီလိုမီတာ ၁၀၀၀ ကျော်ဝေးသော အရပ်သို့ ချီတက်နိုင်စွမ်းသော စစ်သည် ၁၀၀,၀၀၀ လိုအပ်သည်။

ရိက္ခာထောက်ပံ့ရေး၊ စစ်ပစ္စည်းများ ပို့ဆောင်ရေး၊ စစ်အကြံပေးများ၊ သံတမန်များ ဧည့်ခံကျွေးမွေးရေး၊ စစ်ရထား၊ သံချပ်ကာ၊ လက်နက်ခဲယမ်းများ ထုတ်လုပ်ရေး စသည့် တိုက်ရိုက်ကုန်ကျစရိတ်များ၊ သွယ်ဝိုက်ကုန်ကျစရိတ်များ အပါအဝင် စရိတ်စကများသည် ရွှေစ ၁၀၀၀ မက နေ့စဉ် သုံးစွဲကျခံရမည်။ ဤမျှ ကုန်ကျစရိတ် ကျခံမှသာလျှင် တိုက်ပွဲဝင်စစ်သည် ၁၀၀,၀၀၀ ပါဝင်သော တပ်မတော်တစ်ရပ်သည် အဆင်သင့်ဖြစ်လိမ့်မည်။

တပ်မတော်၏ အဓိက ရည်မှန်းချက်ပန်းတိုင်သည် စစ်ပွဲအောင်နိုင်ရေးဖြစ်သည်။ အကယ်၍ စစ်ပွဲသည် ကြာရှည်ပါက လက်နက်များ တုံးလိမ့်မည်။ သံချေး တက်လိမ့်မည်။ စစ်သည်များ စိတ်ဓာတ်ကျလိမ့်

mgyoe.com

mgyoe.com


မည်။ မြို့ကြီးများအား တိုက်စစ်ဆင်ရပါက အင်အားလျော့ပါးကာ စစ်ပန်းလိမ့်မည်။

တိုက်ပွဲစဉ်သည် ရေရှည်ဆွဲတိုက်နေရပါက တိုင်းပြည်၏ သယံဇာတနှင့် သဘာဝအရင်းအမြစ်များ၊ ဥစ္စာဓနများ ဆုံးပါးစေလိမ့်မည်။

လက်နက်ခဲယမ်း မီးကျောက်များ ဆုံးပါးပျက်စီးသည်နှင့်အမျှ၊ စစ်အင်အား လျော့ပါးလာသည်နှင့်အမျှ စစ်ပန်းလာလိမ့်မည်။ ဘဏ္ဍာငွေလည်း အကုန်အကျ များလာလိမ့်မည်။ အိမ်နီးချင်းတို့မှ မိမိ၏ စိတ်ဓာတ်ကျဆင်းမှုအပေါ် အမြတ်ထုတ်လာကြမည်။ ပညာရှိသော အထက်တန်းအရာရှိများသည်လည်း ငွေကြေးချို့တဲ့လာပါက အကြံကောင်း ဉာဏ်ကောင်းများ တင်ပြနိုင်တော့မည် မဟုတ်ပေ။

လျင်မြန်စွာ အနိုင်ရရန် တိုက်ခိုက်ပါ။ အချိန်ဆွဲတိုက်ခိုက်သဖြင့် စစ်ပွဲအကျိုးအမြတ်ရသည်ဟု တစ်ကြိမ်တစ်ခါမျှ မကြားဖူးပေ။ ရေရှည်စစ်ပွဲဆင်နွှဲခြင်းကြောင့် အကျိုးရှိဖူးသောတိုင်းပြည်ဟူ၍ ဘယ်သော အခါကမျှ မရှိခဲ့ချေ။

စစ်သည် ရှည်ကြာသည်နှင့်အမျှ ပျက်စီးဆုံးရှုံးမှုပိုများသည်။ ထိုအန္တရာယ်ကို မသိမမြင်ခြင်းသည် အကျိုးအမြတ်ရစေရန် စစ်မဆင်တတ်ခြင်းနှင့် အတူတူပင်ဖြစ်သည်။


စစ်ပညာ ကျွမ်းကျင်သူအဖို့ မိမိတိုင်းပြည်မှ လက်နက်ခဲယမ်း ရိက္ခာတို့ဖြင့် လုံလောက်စေပြီး ထပ်မံလိုအပ်သမျှကို ရန်သူလက်မှ တိုက်ခိုက်အောင်မြင် ရယူနိုင်ရမည်။ သို့မှသာ အောင်ပွဲခံတပ်မတော်သည် ရန်သူ့ပစ္စည်းများကို သိမ်းယူလျက် ပေါပေါများများ ထောက်ပံ့မှုကို ရရှိသည်။

စစ်ဆင်ရေးစရိတ်ကြောင့် တိုင်းပြည်အတွက် ဘဏ္ဍာပစ္စည်း ကုန်ကျစရိတ် များလှသည်။ ပြည်သူလူထုကို စားဝတ်နေရေး ကျပ်တည်း

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ခြင်း ဖြစ်စေတတ်သည်။

စစ်ပွဲတည်ရာ၌ ကုန်ဈေးနှုန်းများ မြင့်တက်ကြရသည်။ ထိုဒေသရှိ ဒေသခံများမှာ ဈေးတက်ခြင်းကြောင့် စီးပွားရေး ကျပ်တည်းကြမည်။ စီးပွားရေးကျဆင်းမှုကို တောင်သူလယ်သမား ဆင်းရဲသားများ ခံစားကြရလိမ့်မည်။ ရေရှည်စစ်ပွဲ ကြာညောင်းခြင်းနှင့်အတူ တိုင်းပြည်၏ အရင်းအမြစ်စွမ်းအားကို ကုန်ခန်းစေသည်။ စီးပွားရေးကို ကျဆင်းဆုတ်ယုတ်စေသည်။ ပြည်သူအများကို ဆင်းရဲနွမ်းပါးစေသည်။

စစ်မြင်းများ သေဆုံးမှု၊ စစ်ရထားပျက်စီးမှု၊ လေးမြားများ ကျိုးပဲ့မှု၊ လက်နက်နှင့် ဒိုင်းလွှားများ ပြင်ဆင်ရမှု အစရှိသည့် ကျခံသုံးစွဲရမည့် ငွေကြေးဘဏ္ဍာသည် တိုင်းပြည်အဝန်း အသုံးစရိတ်၏ ၆၀ ရာခိုင်နှုန်းအထိ ရှိတတ်သည်။

သို့ဖြစ်၍ ဉာဏ်ပညာနှင့်ပြည့်စုံသော စစ်သူကြီးသည် မိမိတိုင်းပြည်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရန်သူ၏ရိက္ခာ လက်နက်ခဲယမ်းများကို ရယူနိုင်ရန် ဆောင်ရွက်တတ်ရသည်။

ရန်သူ၏ရိက္ခာသိုလှောင်ရုံတစ်ခုသည် မိမိ စစ်ရထားတပ်ဖွဲ့ ၂၀ အတွက် လုံလောက်သည်။ ရန်သူ၏ရိက္ခာ ဆန် ၁ အိတ်သည် မိမိတိုင်းပြည်မှ ဆန်အိတ် ၂၀ နှင့် ညီမျှစွာ သက်သာစေသည်။ တန်ဖိုးရှိသည်။

ရန်သူ၏စစ်ရထား ၁၀ စင်းကို ပထမဦးဆုံး ရယူနိုင်စွမ်းရှိသူအား ရွှေစ ၁၀ ဆုပေးရမည်။ ရာထူး တိုးပေးရမည်။ ရထားပေါ်မှ ရန်သူ့အလံနှင့်တံခွန်ကို မိမိရထား၌ တပ်ဆင်ရမည်။ ရန်သူ့ထံမှ သိမ်းပိုက်ရရှိသော စစ်ရထားများကို မိမိတပ်များ၌ ဖြည့်စွက်အသုံးချရမည်။

သုံ့ပန်းများကို ကောင်းမွန်စွာ စောင့်ရှောက်ပါ။ လက်နက်ချအညံ့ခံသူများကို ကောင်းမွန်စွာ ပြုစုမွေးမြူပါ။ ရန်သူကို တိုက်ခိုက်ရာ၌

mgyoe.com

mgyoe.com


သူတို့အကူအညီကို ယူရမည်။ ပြန်လည်အသုံးချရမည်။

ဤအချက်များအား စစ်အောင်ပွဲခံခြင်းနှင့် အင်အား ပိုမိုကြီးမား စေရန် လုပ်ဆောင်ခြင်းဟုခေါ်သည်။ စစ်၏ အနှစ်သာရသည် အောင်ပွဲ ခံရေးဖြစ်သည်။ ရက်လရှည်ကြာ အချိန်ဆွဲ၍ ဆင်နွဲနေရန် မဟုတ်၊ လျင်မြန်စွာတိုက်ခိုက်၍ အောင်ပွဲကို အမြန်ရယူရန်ဖြစ်သည်။ စစ်သူကြီး သည် ပြည်သူလူထု၏ ကံကြမ္မာကို ကောင်းစွာဖန်တီးနိုင်သူဖြစ်သည်။ တိုင်းပြည်၏ ရည်မှန်းချက်ပန်းတိုင်ကို ဆုံးဖြတ်နိုင်စွမ်းရှိသော ခံ့သမာဓိ လည်း ဖြစ်သည်။

●

mgyoe.com